**BURMA PARTNERSHIP**
မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများ
Strengthening Cooperation for a Free Burma

# ရှည်လျားထွေပြားသည့်မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထုအားကာကွယ်စောင့်ရှောက်ရေးသည် ဦးစားပေးဖြစ်ရမည်

*၁၂ ဖေဖော်ဝါရီ ၂၀၁၆*

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် မတ်လ၌ အရပ်သားတစ်ပိုင်းအစိုးရသစ် အာဏာရလာပြီးနောက် စတင်ခဲ့သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ၂၀၁၆ ခုနှစ်တွင် ငါးနှစ်သက်တမ်း ရှိခဲ့ပြီ ဖြစ်သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အငြင်းပွားဖွယ်ဖြစ်နေသည့် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို လက်မှတ်ရေးထိုးခဲ့ပြီး နောက်ဆက်တွဲအဖြစ် ၂၀၁၆ ခုနှစ် ဇန္နဝါရီလတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (Union Peace Conference - UPC) ကျင်းပခဲ့သော်လည်း လက်တွေ့တွင်မူ ရပ်ရွာလူထုများမှာ လက်နက်ကိုင် အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာစစ်တပ်၏လက်ဝယ်တွင် ဆက်လက်ဒုက္ခခံနေရဆဲ ဖြစ်သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ကိုးကန့်တိုင်းရင်းသား မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် (Kokang, Myanmar National Democratic Alliance Army - MNDAA) နှင့် တိုက်ပွဲများပေါ်ပေါက်ခဲ့ခြင်း၊ ကချင်ပြည်လွတ်မြောက်ရေးတပ်မတော် (KIA)၊ ရက္ခိုင့်တပ်မတော် (Arakan Army - AA)၊ တအာင်း အမျိုးသားလွတ်မြောက်ရေး တပ်မတော် (Ta’ang National Liberation Army - TNLA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (Shan State Progressive Party - SSPP) တို့အပေါ် ထိုးစစ်များ ဆက်လက်ဆင်နွှဲနေခြင်းတို့အပြင် အခြား ရှမ်းနှင့် ကရင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (Ethnic Armed Organizations - EAO) များနှင့် ရံဖန်ရံခါဖြစ်ပွားနေသော တိုက်ပွဲများတို့သည် မြန်မာနိုင်ငံတွင် စစ်ပွဲပဋိပက္ခများ ပိုမိုဆိုးဝါးလာနေကြောင်း ညွှန်ပြနေသည်။[1]

NCA လက်မှတ်ထိုးခြင်းသည် သမ္မတဦးသိန်းစိန် ချန်ရစ်သည့်အမွေအနှစ်မှ သော့ချက်ကျသော အစိတ်အပိုင်းဟု ထင်မြင်ရပြီး ၂၀၁၅ ရွေးကောက်ပွဲအကြို ပြည်တွင်းပြည်ပမှ ချီးမွမ်းထောက်ခံမှုရယူရန် လူမြင်သူမြင် ကြိုးပမ်းချက်ပင် ဖြစ်သည်။ ရွေးကောက်ပွဲနေ့မတိုင်မီ NCA လက်မှတ်ထိုးရန် EAO များအား ဖိအားပေးခြင်းသည် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး ဖြေရှင်းချက် ဖြစ်မြောက်ရန် လိုအပ်သောအရေးကြီးကိစ္စရပ်များအား ကိုင်တွယ်ရေးကို ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။ ပျက်ကွက်သည့် အထဲ၌ NCA တွင် အားလုံးမှ အဓိပ္ပာယ်ရှိစွာ ပါဝင်နိုင်ရေးနှင့် အထူးသဖြင့် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများ၏ အဓိပ္ပာယ်ရှိပြီး ပြည့်ဝသော ပါဝင်ဆောင်ရွက်ခွင့် အာမခံရေးတို့ ပါဝင်သည်။ EAO အတော်များများမှ NCA ကို လက်မှတ် မရေးထိုးခဲ့ကြပေ။ NCA မူကြမ်းအား ရေးဆွဲရာတွင် ပါဝင်ရန် သဘောတူခဲ့ကြသော်လည်း လက်မှတ်ရေးထိုးချိန်တွင်မူ EAO ၁၅ ဖွဲ့အနက် ၇ ဖွဲ့နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (All Burma Students Democratic Front - ABSDF) တို့ကသာ လက်မှတ် ရေးထိုးခဲ့ကြသည်။[2] ထို့နောက်တွင် လက်မှတ်မထိုးသည့် EAO များအား နိုဝင်ဘာလ ၈ ရက်နေ့ ရွေးကောက်ပွဲမတိုင်မီ

---

[1] “Myanmar Peace Monitor” website, by *Burma News International*
http://mmpeacemonitor.org/ *(accessed September 15, 2015)*
[2] Nyein Nyein, “Long-Sought Ceasefire Signed in Naypyidaw,” *The Irrawaddy,* October 15, 2015
http://www.irrawaddy.org/burma/long-sought-ceasefire-signed-in-naypyidaw.html (accessed, October 17, 2015)

လက်မှတ်ထိုးရန် ဖိအားပေးခဲ့ပုံမှာ မကြာခဏဆိုသလိုပင် အလွန်ပြင်းထန်ခဲ့သည်။ အထူးသဖြင့် SSPP ဌာနချုပ်ကို သိမ်းပိုက်နိုင်ရန် မြန်မာစစ်တပ်က ထိုးစစ်ဆင်နွှဲခဲ့ခြင်းမှာ ဥပမာ ဖြစ်သည်။ ကျေးရွာများကို မညှာမတာ အမြောက်နှင့် ပစ်ခတ်ခြင်းကြောင့် အရပ်သားတစ်သောင်းခန့် အိုးအိမ်စွန့်ခဲ့ရပြီး ဤဖြစ်ရပ်မှာ NCA လက်မှတ်မထိုးသဖြင့် လက်တုန့်ပြန်ခြင်း ဖြစ်သည်ဟု SSPP က ယုံကြည်ပါသည်။[3]

သို့ဖြင့် လက်မှတ်ထိုးမထားသည့် EAO များနှင့် KIA နှင့် မွန်ပြည်သစ်ပါတီ (New Mon State Party) တို့ ပါဝင်သော တပ်ပေါင်းစုဖြစ်သည့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (United Nationalities Federal Council) တို့မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့ထိ နေပြည်တော်၌ ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC) ကို တက်ရောက်ရန် ငြင်းဆိုခဲ့သည်။ ယင်းညီလာခံကို အင်အားအကြီးဆုံး EAO ဖြစ်သည့် ဝ ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (United Wa State Army - UWSA) ကလည်း "အကျိုးမရှိ" ဟု ပြောခဲ့သည်။[4] အရပ်ဘက်လူထုအဖွဲ့အစည်း (Civil Society Organizations - CSO) ၁၂၆ ဖွဲ့ကလည်း UPC ကျင်းပခြင်းသည် "ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများကို အလေးမထား ဂရုမမူသည့်လုပ်ရပ်" ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။[5] CSO များနှင့် EAO များအတွက် အထူးတလည် မကျေလည်စရာအချက်တစ်ခုမှာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ (အစိုးရ၊ နိုင်ငံရေးပါတီများ၊ EAO များ) ကို လွှတ်တော်နှင့် မြန်မာစစ်တပ်အား အစိုးရအောက်တွင် မပါဝင်စေဘဲ သီးခြားအစုအဖွဲ့များအဖြစ် သတ်မှတ်ပေါင်းထည့်ပြီး အစုအဖွဲ့များပိုပါလာသည့် ဆွေးနွေးပွဲအဖြစ် ပြောင်းလိုက်ခြင်းပင်ဖြစ်သည်။ လက်ရှိအစိုးရ၊ မြန်မာစစ်တပ်နှင့် လက်ရှိလွှတ်တော်အမတ် အများစုတို့မှာ တစ်ခုတည်းသော နိုင်ငံရေးအရိပ်အောက်တွင် ရှိနေသဖြင့် ယင်းဆွေးနွေးပွဲက တိုင်းရင်းသားများ၏ အခွင့်အလမ်းကို အားနည်းသွားစေသည်။ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တလျှောက်တွင် လွတ်လပ်အမှီအခိုကင်းသည့် CSO တို့၏အသံများ၊ အထူးသဖြင့် တိုင်းရင်းသား လူထုအသိုင်းအဝိုင်းတို့၏ အသံများနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်နစ်နာရသည့် အသိုင်းအဝိုင်းများမှ အမျိုးသမီးတို့၏ အသံများကို အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲ၌ဖြစ်စေ သို့တည်းမဟုတ် UPC ၌ ဖြစ်စေ ဆက်လက်ဘေးဖယ်ထားခြင်းကလည်း ရေရှည် တည်တံ့မည့် ငြိမ်းချမ်းရေး ရရှိနိုင်ရန်အတွက် ကြီးမားသောထိခိုက်မှု ဖြစ်စေသည်။

ထို့ကြောင့် NCA လက်မှတ်ရေးထိုးမှုနှင့် UPC ကျင်းပမှုသည် လေကြီးလေကျယ်များ မည်မျှရှိ နေစေကာမူ လက်နက်ကိုင် ပဋိပက္ခများတွင် အရပ်သားများကို ကာကွယ်စောင့်ရှောက်ရေး အာမခံခြင်းနှင့်ပတ်သက်၍ မည်သည့် လက်နက်ကိုင်အဖွဲ့အစည်း ကမှ ကတိမပြုသေးဘဲ ဖြစ်နေသည်။ ထိုအရပ်သားများမှာ နိုင်ငံတကာလူသားချင်း စာနာရေးဥပဒေ၊ အထူးသဖြင့် ဂျီနီဗာ ကွန်ဗင်းရှင်း သဘောတူစာချုပ်များ (Geneva Conventions) ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights) အပါအဝင် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေများကို လည်းကောင်း ချိုးဖောက်သည့်အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UN Security Council - UNSC) ဆုံးဖြတ်ချက် အမျိုးမျိုး ကိုပါ ချိုးဖောက်ရာရောက်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ သားကောင်များ ဆက်ဖြစ်နေကြရသည်။

---

[3] Lawi Weng, "SSA-N Official: 'We Will Not Let Them Take our Headquarters," *The Irrawaddy, November 26, 2015.* http://www.irrawaddy.com/conflict/ssa-n-official-we-will-not-let-them-take-our-headquarters-2.html (accessed, October 17, 2015)

[4] Lawi Weng, "UWSA Will not Attend 'Meaningless' Dialogue," *The Irrawaddy, January 7, 2016* http://www.irrawaddy.com/burma/uwsa-will-not-attend-meaningless-political-dialogue.html (accessed, January 19, 2016)

[5] "Statement of Civil Society Organizations on the Union peace Convention to be held on 12th January 2016," *126 Civil Society Organizations,* January 5, 2016. http://www.burmapartnership.org/wp-content/uploads/2016/01/Statement-on-the-Union-Peace-Convention-Bur-FFF.pdf (accessed January 29, 2016)

သို့ဖြစ်ရာ နောက်တက်လာမည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy - NLD) အစိုးရအတွက် ကြီးမားလှသော လုပ်ငန်းတာဝန်ကြီးတစ်ရပ်ရှိနေသည်။ ဒေါ်အောင်ဆန်းစုကြည်မှ UPC သည် NCA ရေးထိုးခြင်းကို "အသိအမှတ်ပြု ရုံသက်သက်သာဖြစ်သည်"[6] ဟု UPC အဖွင့်မိန့်ခွန်းတွင် ပြောခဲ့ပြီး သမ္မတဦးသိန်းစိန် အစိုးရ လက်ထက်တွင် လျစ်လျူရှုခဲ့သည့် သဘောတရားဖြစ်သည့် အားလုံးပါဝင်မှုအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မရှိမဖြစ်ထည့်သွင်း လုပ်ဆောင်ရမည်ဟု ထပ်ခါထပ်ခါပြောခဲ့သည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ချမှတ်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် (UN General Assembly Resolution on Burma) တွင် -

"လူတစ်ဦးချင်းကို လက်ရှိဖြစ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ မတရားမှုများမှလည်းကောင်း၊ နိုင်ငံတကာ လူသားချင်း စာနာရေး ဥပဒေချိုးဖောက်မှုများမှလည်းကောင်း အကာအကွယ်ပေးခြင်းနှင့် ဘေးကင်းလုံခြုံ၍ အချိန်နှင့်တပြေးညီ အပြည့်အဝ အဟန့်အတားမရှိ လူသားချင်းစာနာမှု အထောက်အကူပေးခြင်းတို့အပါအဝင် သက်ဆိုင်ရာအဖွဲ့အားလုံးအနေဖြင့် အကြမ်းဖက်မှု ကို အဆုံးသတ်ရန်နှင့် လက်ရှိ အပစ်အခတ်ရပ်စဲရေး စာချုပ်များကို အပြည့်အဝ အကောင်အထည်ဖော်ရန် တိုက်တွန်း ထားပါသည်။"[7]

ဒေါ်အောင်ဆန်းစုကြည်နှင့် တက်လာမည့် NLD အစိုးရအတွက် အကြောင်းမလှသည်မှာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည် မြန်မာစစ်တပ်၏အာဏာကို ကာကွယ်ထိန်းသိမ်းပေးထားပြီး စစ်တပ်ကို အရပ်ဘက်ထိန်းချုပ်မှု အထက်တွင် ထားရှိသည်။ အဓိကကျသော EAO အဖွဲ့တစ်ဖွဲ့၏ ကိုယ်စားလှယ်တစ်ဦးမှ နောက်ဆက်တွဲပြဿနာများအား လိုက်လံ ဖြေရှင်းခြင်းထက် NLD အနေဖြင့် *"ပြည်တွင်းစစ်နှင့် တိုင်းရင်းသား ပြဿနာများ၏ရင်းမြစ်အား ရှာဖွေ ဖြေရှင်းရန် လိုအပ်နေသည်"*[8] ဟု ဆိုခဲ့ပါသည်။ အရင်းအမြစ်ကျသော စနစ်ပိုင်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံအပိုင်း ပြုပြင်ပြောင်းလဲမှုများ ဖြစ်မလာသရွေ့၊ အထူးသဖြင့် မြန်မာစစ်တပ်၏ အခြေခံဥပဒေဆိုင်ရာအခန်းကဏ္ဍနှင့် အခိုင်အမာအမြစ်တွယ်နေသည့် ပြစ်ဒဏ် ကင်းလွတ်ခွင့်တို့နှင့် ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုများ မဖြစ်သရွေ့ ရွေးကောက်ပွဲများ မည်မျှပင်လုပ်သည်ဖြစ်စေ နိုင်ငံတကာ အသိုင်းအဝိုင်း၏ တိုက်တွန်းမှုများကိုသော်လည်းကောင်း၊ မြန်မာနိုင်ငံမှ တိုင်းရင်းသားလူထုအသိုင်းအဝိုင်းများ၏ မျှော်မှန်းချက်များ ကိုသော်လည်းကောင်း လက်တွေ့ အကောင်အထည်ပေါ်လာစေမည် မဟုတ်ပေ။

## ၁) ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအထိ ပဋိပက္ခကို ခြုံငုံသုံးသပ်ချက်

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ရှမ်းပြည်နယ် ကိုးကန့်ဒေသ၌ MNDAA အပေါ် အကြီးအကျယ် ထိုးစစ်ဆင်ခဲ့သဖြင့် လူတစ်သိန်းခန့် အိုးအိမ်စွန့်ထွက်ပြေးခဲ့ရသည်။ အဓိက ကိုးကန့်မြို့ဖြစ်သော လောက်ကိုင်မြို့ကို မြန်မာစစ်တပ်က ပြင်းထန်စွာ ထိုးစစ်ဆင်ခဲ့ရာ အရပ်သားအများအပြားမှာ တရုတ်နိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင် ခဲ့ကြရပြီး နယ်စပ်တလျှောက်ရှိ စခန်းများတွင် ပြည်တွင်းအိုးအိမ်စွန့်ရွှေ့ပြောင်းဒုက္ခသည်များ (Internally Displaced Persons - IDP) အဖြစ် နေကြရသည်။[9] မြန်မာစစ်တပ်က ကချင်ပြည်လွတ်မြောက်ရေးတပ်မတော် (Kachin Independence Army – KIA) နှင့် TNLA အပေါ် စစ်ပွဲ ဆက်လက်ဆင်နွှဲနေခြင်းကြောင့်လည်း ပိုမိုများပြားသည့် ကျေးရွာသားများ အိုးအိမ်စွန့်ရွှေ့ပြောင်းခဲ့ကြရပြီး ၂၀၁၅ ခုနှစ်

---

[6] "Interview: Five Days is too Short to Complete a Peace Conference," *Radio Free Asia,* January 14, 2016. http://www.rfa.org/english/news/myanmar/myanmar-assk-01142016081658.html (accessed January 29, 2016)

[7] United Nations, General Assembly, *Situation of Human Rights in Myanmar,* A.C.3/70/70/L.39/Rev.1 (November 18, 2015) http://www.burmalibrary.org/docs21/UNGA-2015-70-res-L.39-rev.1-en.pdf (accessed January 29, 2016)

[8] EAO representative, interview with Burma Partnership, January, 2016

[9] Zue Li, "Can China Untangle the Kokang Know in Myanmar," *The Diplomat,* May 20, 2015. http://thediplomat.com/2015/05/can-china-untangle-the-kokang-knot-in-myanmar/ (accessed September 15, 2015)

နှစ်ဆန်းပိုင်းတွင် KIA ကို လေကြောင်း တိုက်ခိုက်မှုများ လုပ်ခဲ့ရာ ၎င်းမှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း မြန်မာနိုင်ငံ၌ အကြီးမားဆုံး လေကြောင်းစစ်ဆင်ရေး ဖြစ်သည့်အတွက် ထိုးစစ်ဆင်တိုက်ခိုက်မှု၏ ပြင်းထန်မှုအတိုင်းအတာကို ပြသနေသည်။[10] ထို့အပြင် မြန်မာနိုင်ငံမြောက်ပိုင်းရှိ KIA၊ TNLA တို့နှင့် မဟာမိတ်ဖွဲ့ထားသော ရက္ခိုင့်တပ်မတော် (AA) အား မြန်မာစစ်တပ်မှ မြန်မာနိုင်ငံ အနောက်ပိုင်း ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သဖြင့်ရွာသားရာပေါင်းများစွာ အိုးအိမ်စွန့်ရွှေ့ပြောင်း ခဲ့ရသည်။[11] UPC မစတင်မီ ရက်သတ္တပတ်အချို့ဖြစ်သည့် ၂၀၁၅ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၁၆ ခုနှစ်အစောပိုင်းတွင် ရခိုင်ပြည်နယ်မှ တိုက်ပွဲများကြောင့် ရာနှင့်ချီသည့် ပြည်သူများ အိုးအိမ်စွန့်ခဲ့ရသည်။[12]

ဤအတောအတွင်း ရှမ်း EAO နှစ်ဖွဲ့ဖြစ်သည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (Restoration Council of Shan State - RCSS) နှင့် အထူးသဖြင့် SSPP တို့နှင့် မြန်မာစစ်တပ်အကြား ပြီးခဲ့သည့်နှစ်အတွင်း ပုံမှန်တိုက်ခိုက်မှုများကြောင့် "အပစ်အခတ်ရပ်စဲရေးအဖွဲ့များ" ဟူသောအသုံးအနှုန်းမှာ အဓိပ္ပာယ်မရှိ ဆက်ဖြစ်နေသည်။ ကရင်ပြည်နယ်တွင်လည်း မြန်မာ စစ်တပ်နှင့် ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် (Democratic Karen Benevolent Army - DKBA)၊ ကရင်အမျိုးသား အစည်းအရုံး (Karen National Union - KNU) တို့အကြား တိုက်ပွဲများဖြစ်ပေါ်ခဲ့သည်။[13] အထူးသဖြင့် ယင်းတိုက်ပွဲမှာ ထိုင်း-မြန်မာကားလမ်းသစ်တစ်ခုကို ကရင် EAO များ၏ နယ်မြေကွဲများအကြား ဖြတ်သန်းဖောက်လုပ်မှုနှင့် နောက်ဆက်တွဲ မြေသိမ်းမှု များကြောင့် တင်းမာမှုဖြစ်လာပြီး နောက်ဆုံးတွင် လက်နက်ကိုင်ပဋိပက္ခပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်သည် တိုင်းရင်းသား ဒေသများတွင်၊ အထူးသဖြင့် စစ်ရေး စီးပွားရေး မဟာဗျူဟာကျသည့် နေရာများပတ်လည်တွင် မြန်မာစစ်တပ် တိုးမြှင့်ချထားမှုနှင့် အထူးသဖြင့် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ဥပမာတို့ကဲ့သို့ အချိန်မတန်သေးသည့် ရင်းနှီးမြှုပ်နှံမှုများက အတိမ်းအစောင်းမခံသည့် ပဋိပက္ခဒေသများတွင် တင်းမာမှုပိုဖြစ်စေခြင်းတို့နှင့် ဆက်စပ်နေပါသည်။[14]

လက်နက်ကိုင်ပဋိပက္ခကြောင့် ပေါ်ပေါက်လာသည့် IDP အရေအတွက်မှာ MNDAA နှင့်စစ်ပွဲ၊ KIA နှင့် ဆက်ဖြစ်နေသည့် တိုက်ပွဲများမှ နေရပ်စွန့်ခွာထွက်ပြေးရသူ ခုနစ်သောင်းခန့်ထိရှိလာသောကြောင့် ၂၀၁၅ ခုနှစ်တွင် ၆၆၂,၀၀၀ ထိ မြင့်တက်သွားခဲ့သည်။[15] တစ်ဘက်တွင်လည်း ထိုင်း-မြန်မာနယ်စပ်၌ နေထိုင်နေကြသော ဒုက္ခသည် ၁၁၀,၀၀၀ မှာ ၎င်းတို့ ထွက်ပြေးလာရစေသည့် အဓိကအကြောင်းရင်းများဖြစ်သော တိုက်ပွဲများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ မြေမြှုပ်မိုင်းများ၊ စစ်တပ်နယ်မြေချဲ့ထွင်ထိန်းချုပ်မှုများမှာ ၎င်းတို့ မြန်မာနိုင်ငံမှ ထွက်ခွာခဲ့စဉ်က အတိုင်း မပြောင်းလဲဘဲရှိနေသေးသည့်အပြင် မြေသိမ်းမှုများနှင့် နေရပ်စွန့်ခွာစေမှုပုံစံသစ်များ ပေါ်ပေါက်လာခြင်းကြောင့် အချိန်မတိုင်မီ နေရပ်ပြန်ပို့ခံရမည့်အရေးကို ဆက်လက် စိုးရိမ်ပူပန်နေကြရသည်။[16]

NCA လက်မှတ်ထိုးပြီးချိန်နောက်ပိုင်း စိုးရိမ်ပူပန်စရာဖြစ်ထွန်းမှုတစ်ခုမှာ လက်မှတ်ထိုးထားသည့် EAO များနှင့် မထိုးသည့် EAO များအကြား ကွဲလွဲမှု ပိုကြီးလာခြင်းဖြစ်သည်။ မြန်မာစစ်အစိုးရအဆက်ဆက်က EAO များနှင့် ဆက်ဆံရာတွင် ကျင့်သုံးခဲ့သည့် 'သွေးခွဲအုပ်ချုပ်ရေး' သမိုင်းကြောင်းရှည်ကို တွေ့ဖူးကြုံဖူးကြသဖြင့် ယခုအခြေအနေမှာ အလားတူ စိုးရိမ်ပူပန်စရာ

---

10 "Myanmar Air Force Launches 3 Rounds of Airstrikes in Southern Kachin State," *Kachinland News,* March 25, 2015. http://kachinlandnews.com/?p=25566 (accessed September 15, 2015)

11 Richard Potter, "Myanmar: New Front in an Old War," *The Diplomat,* July 22, 2015. http://thediplomat.com/2015/07/myanmar-new-front-in-an-old-war/ (accessed September 15, 2015)

12 "Ye Mon, " Rakhine IDPs call for international aid," The Myanmar Times, January 15, 2016 http://www.mmtimes.com/index.php/national-news/18478-rakhine-idps-call-for-international-aid.html (accessed February 2016)

13 "Myanmar Peace Monitor," http://mmpeacemonitor.org/

14 "Asian Highway Project Undermines Peace in Karen State," *Karen Peace Support Network,* July 10, 2015. http://www.burmapartnership.org/wp-content/uploads/2015/07/KPSN-Asian-Highway-Statement-burmese.pdf (accessed September 15, 2015)

15 Internal Displacement Monitoring Centre. http://www.internal-displacement.org/south-and-south-east-asia/myanmar/ (accessed October 1, 2015)

16 "Refugee and IDP Camp Populations: July 2015," *The Border Consortium,* August 2015 http://www.theborderconsortium.org/media/62183/2015-07-jul-map-tbc-unhcr.pdf (accessed September 4, 2015)

ဖြစ်နေသည်။ ဤအဖြစ်ကို NCA လက်မှတ်ထိုးထားသည့် RCSS က အစိုးရတပ်များနှင့်တွဲပြီး လက်မှတ်မထိုးသော TNLA အား တိုက်ခိုက်ခဲ့သည့် ရှမ်းပြည်မြောက်ပိုင်း တိုက်ပွဲသတင်းများက သက်သေပြနေသည်။[17]

## ၂) ဘယ်သူ့အတွက် ငြိမ်းချမ်းရေးလဲ။ အမျိုးသမီးများကို ဖယ်ချန်ထားခြင်း

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများတွင်လည်းကောင်း၊ နောက်ပိုင်းမှ ပြုလုပ်ကျင်းပသည့် UPC တွင်လည်းကောင်း အမျိုးသမီးများ၏အဓိပ္ပါယ်ရှိပြီး ပြည့်ဝသော ပါဝင်ဆောင်ရွက်မှု ကင်းမဲ့နေခြင်းသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခု ဖြစ်ပေါ်တိုးတက်ရေးအတွက် အဓိက ခလုတ်ကန်သင်း အတားအဆီးများ ဖြစ်နေသည်။ အမျိုးသမီးများ အဓိပ္ပါယ်ရှိရှိ ပြည့်ပြည့်ဝဝ ပါဝင်နိုင်ရေးအတွက် ပဋိပက္ခနယ်မြေများမှ သို့မဟုတ် ထိုနယ်မြေများတွင် နေထိုင်သည့် အမျိုးသမီးများအရေးလုပ်ကိုင်နေသည့် အနည်းဆုံး အမျိုးသမီး ၃၀ ရာခိုင်နှုန်း ထည့်သွင်းရန်လိုအပ်ပါသည်။ ထိုအမျိုးသမီးများသည် ဖိနှိပ် ခွဲခြားခံ သို့မဟုတ် ကွဲပြားသည့် အသိုင်းအဝိုင်းများကို ကိုယ်စားပြုကြသူများဖြစ်ပြီး ပဋိပက္ခ ဟန့်တားကာကွယ်ရေး၊ စီမံခန့်ခွဲရေးနှင့် ကိုင်တွယ်ဖြေရှင်းရေးတို့သာမက ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့နှင့် ပတ်သက်သည့် မူဝါဒများအား ဖန်တီးရာတွင် သို့မဟုတ် အကောင်အထည်ဖော်ရာတွင် ၎င်းတို့၏ အမြင်များ၊ အကြံဉာဏ်များအား ထည့်သွင်းရေးမှာ လိုအပ်ချက်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှန်သမျှတွင် အမျိုးသမီးတို့၏အသံများပါဝင်ရေးမှာ ခွဲခြားမရအောင် အချက်အခြာကျနေသည်။ အမျိုးသမီးများအရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အတွက် ချမှတ်ခဲ့သည့် UNSC ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ချမှတ်ခဲ့ခြင်း ၁၅ နှစ်မြောက်အဖြစ် ကုလသမဂ္ဂ အမျိုးသမီးအဖွဲ့ (UN Women) က ထုတ်ဝေခဲ့သော သုတေသနအစီရင်ခံစာတွင် "ငြိမ်းချမ်းရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု အားထုတ်ချက်များ ထိရောက်စွာလည်ပတ်ရေး၊ အောင်မြင်ရေးနှင့် ရေရှည်တည်တံ့ရေးတို့အတွက် အဆင့်တိုင်းတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်ရေးသည် သော့ချက်ကျကြောင်း ပြည့်စုံကုံလုံစွာ ဖော်ပြထားသည်။"[18] သို့သော်လည်း ယခုအချိန်ထိမှု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လက်တွေ့အမှန်တရားအား ဖုံးကွယ်ရန်အတွက် အမျိုးသမီးများပါဝင်မှုအား ဟန်ပြသဘောသာ ခွင့်ပြုထားသည်ကို တွေ့ရပါသည်။

ဥပမာတစ်ခုမှာ NCA မူကြမ်းရေးဆွဲခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ် ဇွန်လက ကရင်ပြည်နယ် လော်ခီးလာတွင် ကျင်းပခဲ့သည့် EAO များ ထိပ်သီးအစည်းအဝေးတွင် အမျိုးသမီးများအဖွဲ့ချုပ် - မြန်မာနိုင်ငံ (Women League of Burma - WLB) ၏ ကြိုးပမ်းချက်များကြောင့် NCA မူကြမ်းတွင် နိုင်ငံရေးဆွေးနွေးပွဲ၌ အမျိုးသမီးကိုယ်စားလှယ် အနည်းဆုံး ၃၀% ပါဝင်ရေး အာမခံမည့်အချက်တစ်ချက် ထပ်ဖြည့်ခြင်းကို ထောက်ခံရန် အောင်အောင်မြင်မြင် စည်းရုံးလှုံ့ဆော်နိုင်ခဲ့သည်။ သို့သော် နောက်တစ်ကြိမ် ဆွေးနွေးပွဲအပြီးတွင် မြန်မာအစိုးရ၏ အဆိုပြုချက်ကြောင့် ယင်းစာသားကို "သင့်တော်သည့်အရေအတွက်" ဟု ပြောင်းလဲပစ်လိုက်သည်။ အမျိုးသမီးများအနေဖြင့် ကိုယ်စားပြုမှု ၃၀% ပေးနိုင်ရေး အမြဲအာမခံနိုင်ရန် အရည်အချင်းနှင့် အစွမ်းအစ မရှိဟု ဆင်ခြေပေးခဲ့သည်။[19] ယင်းကဲ့သို့ အဓိပ္ပာယ် ကျယ်ဝန်းဝေဝါးလှသော 'သင့်တော်သည့်' ဟူသော စကားလုံးဖြင့် အမျိုးသမီးများပါဝင်ဆောင်ရွက်ခွင့်ကို အမျိုးသားအများစု ဦးဆောင်နေသည့် လုပ်ငန်းထဲမှ ဘေးဖယ်ထုတ်နိုင်မည့် အခွင့်အလမ်းကောင်း ဖန်တီးလိုက်ခြင်း ဖြစ်ပါသည်။

---

[17] Win Naung Toe, Kyaw Htun Naing, and Kyaw Thu, "Myanmar Military, Shan Army Launch Offensive Against Ta'ang Rebels," *Radio Free Asia,* January 12, 2016
http://www.rfa.org/english/news/myanmar/offensive-12012015151415.html (accessed January 29, 2016)

[18] "Preventing Conflict, Transforming Justice, Securing the Peace," *UN Women,* 2015
http://wps.unwomen.org/~/media/files/un%20women/wps/highlights/unw-global-study-1325-2015.pdf (accessed January 29, 2016)

[19] Various attendees of the Law Khee Lar EAO Summit, interviews with the author, September 2015 (location undisclosed)

အထက်ပါဥပမာသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပါအဝင် မြန်မာနိုင်ငံတဝှမ်း၌ပျံ့နှံ့နေသော အမျိုးသမီးများအား ဖယ်ကျဉ်ထားသည့် ပုံစံနှင့် အံကိုက်ဖြစ်နေသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လိင်ကွဲပြားမှုပါဝင်ရေး မဟာမိတ်အဖွဲ့ (Alliance for Gender Inclusion in the Peace Process) ၏ အစီရင်ခံစာအရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တလျှောက် လုပ်ကိုင်ဆောင်ရွက်ခဲ့သော ဆွေးနွေးရေးအဖွဲ့များ သို့မဟုတ် ကော်မတီများစသည့် အဖွဲ့အမျိုးမျိုးထဲရှိ အမျိုးသမီး ကိုယ်စားလှယ်များမှာ အစိုးရ ဘက်မှရော EAO များဘက်မှပါ နည်းပါးလှသည်။[20] ဥပမာအားဖြင့် EAO တို့၏ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordinating Team) ၏အဖွဲ့ဝင် ၁၆ ဦးတွင် အမျိုးသမီး တစ်ဦးသာ ပါဝင်သည်။ အစိုးရဘက်တွင်လည်း ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (Union Peacemaking Working Committee) ၏အဖွဲ့ဝင် ၅၂ ဦးအနက် နှစ်ဦးသာ အမျိုးသမီးဖြစ်သည်။ ဤပုံစံကို UPC တွင်လည်း ဆက်လက်တွေ့ရှိရသည်။ ယင်းညီလာခံတွင် တက်ရောက်သူ ၇၀၀ အနက် ၇% သာ အမျိုးသမီးများ ဖြစ်သည်။ ကိုယ်စားပြုမှုသာ ချို့တဲ့နေခြင်း မဟုတ်ဘဲ UPC တွင် အမျိုးသမီးများ၏ ထောက်ပြချက်များနှင့် မှတ်ချက်များ ကိုလည်း တရားဝင်မှတ်တမ်းများမှ ချန်လှပ်ထားပြီး မုဒိမ်းမှုများအတွက် တရားစီရင်ရေးပိုင်းမှ ဖြေရှင်းပေးရေးကဲ့သို့သော အမျိုးသမီးများနှင့် အထူးသက်ဆိုင်သည့် တင်ပြချက်များအတွက် အချိန်ခန့်ခွဲပေးမှုမှာလည်း နည်းပါးလှသည်။[21]

ဆွေးနွေးညှိနှိုင်းမှုများတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းများအားလုံး၏ တရားဝင်နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်များအား အခြေခံကာ သီးသန့်ယန္တရားစနစ်များ တီထွင်ဖန်တီးပေးခြင်း၊ တရားဝင် အသိအမှတ်ပြုပေးခြင်းအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းထဲ အမျိုးသမီးများပါဝင်ဆောင်ရွက်ရေးကို အာမခံရန် အရေးကြီးသည်။ ပဋိပက္ခများဖြစ်ပွားရာ ဒေသများရှိ အမျိုးသမီးများ ရင်ဆိုင်ရသည့် မတရားစော်ကားမှုများ၊ ဝန်ထုပ်ဝန်ပိုးများနှင့် တာဝန်ယူရမှုများအပါအဝင် ၎င်းတို့၏ အတွေ့အကြုံများမှာ အမျိုးသားများနှင့် ကွဲပြားပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းတွင် အမျိုးသမီးတို့၏အသံများကို ထည့်သွင်းခြင်းမပြုသရွေ့ ၎င်းတို့မှာ ဘေးဖယ်ထုတ် ခံနေရဦးမည်ဖြစ်ပြီး ၎င်းတို့၏ စိုးရိမ်သောကများသည်လည်း အရေးတယူ ကိုင်တွယ်ဖြေရှင်းပေးသည့်အဆင့်သို့ ရောက်မည် မဟုတ်သဖြင့် ဆယ်စုနှစ်ကြာ အကြမ်းဖက်မှုများကို အားပေးအားမြှောက်ရာရောက်ပြီး ငြိမ်းချမ်းရေး သဘောတူညီချက် လက်မှတ်ရေးထိုးဖြစ်သည့်တိုင် ၎င်းတို့အနေဖြင့် စစ်မှန်သည့် ငြိမ်းချမ်းရေးအား ခံစားနိုင်မည်မဟုတ်ပါ။

UNSC ဆုံးဖြတ်ချက် ၁၃၂၅ အရ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် "ဒေသခံအမျိုးသမီးများ၏ ငြိမ်းချမ်းရေး ရှေ့ဆောင်ရှေ့ရွက်ပြုမှုများကိုလည်းကောင်း၊ ပဋိပက္ခဖြေရှင်းရေးအတွက် ဌာနေလူထုအခြေပြု လုပ်ငန်းများကိုလည်းကောင်း ထောက်ခံအားပေးသည့်အစီအမံများ၊ ငြိမ်းချမ်းရေးသဘောတူညီချက်များ အကောင်အထည်ဖော်ရေး ယန္တရားအားလုံးတွင် အမျိုးသမီးများ ပါဝင်ပတ်သက်စေသည့်အစီအမံများ" ထည့်သွင်းရေးအာမခံရန် တာဝန်ရှိကြောင်း ဖော်ပြထားပါသည်။[22] ထိုမျှသာမက လက်နက်ကိုင်ပဋိပက္ခများ ရင်ဆိုင်ရသည့် တိုင်းရင်းသားလူထုများအား အခြေပြုသည့် အမျိုးသမီးကွန်ယက်များနှင့် လွတ်လပ်အမှီခိုကင်းသည့် CSO များ၏ အင်အားနှင့် စွမ်းရည်က ငြိမ်းချမ်းရေးလုပ်ငန်းကို ပိုမိုခိုင်ခံ့မှုနှင့် ကျွမ်းကျင်လိမ္မာမှု ဖြည့်ဆည်းပေးကာ ပိုမို ကျယ်ပြန့်မှု၊ ခိုင်မာမှု၊ အားလုံးပါဝင်မှုရှိသော သဘောတူညီမှု တစ်ရပ် ရရှိစေနိုင်မည်ဖြစ်ပါသည်။ ကချင်အမျိုးသမီးအဖွဲ့အစည်းတစ်ခုမှ အဖွဲ့ဝင်တစ်ဦးက အမျိုးသမီးပါဝင်မှုနှင့်ပတ်သက်ပြီး "*ပြဿနာရပ်များကို*

[20] "Women, Peace and Security Policymaking in Myanmar," *Alliance for Gender Inclusion in the Peace Process,* December 2015 https://www.dropbox.com/sh/u8m4ei4r93idz4e/AAB3HQ6P30TER8WLCym5qodXa/AGIPP%20Policy%20brief%201%20%28Eng%29.pdf?dl=0 ( accessed February 10, 2016)

[21] Yen Snaing, "Women's Alliance Breaks Down Gender Disparity in Peace Process," *The Irrawaddy,* January 22, 2016. http://www.irrawaddy.com/burma/womens-alliance-breaks-down-gender-disparity-in-peace-process.html (accessed January 29, 2016)

[22] United Nations Security Council Resolution 1325, October 31, 2000 http://www.securitycouncilreport.org/atf/cf/%7B65BFCF9B-6D27-4E9C-8CD3-CF6E4FF96FF9%7D/WPS%20SRES1325%20.pdf (accessed September 15, 2015).

*အမှန်တကယ် နားလည်ပြီး ဆွေးနွေးပွဲများ၌ ပြောနိုင်ဆိုနိုင်သည့် အမျိုးသမီးများအားထည့်သွင်းရန် အရေးကြီးသည်*"[23] ဟု ထုတ်ဖော် ပြောဆိုခဲ့ပါသည်။

## ၃) မတရားစော်ကားမှုများ ဆက်ဖြစ်နေခြင်း

ကရင်နှင့် ရှမ်းပြည်နယ်များကဲ့သို့ အစိုးရနှင့် နှစ်ဦးသဘောတူ အပစ်အခတ်ရပ်စဲထားသည့် နယ်မြေများနှင့် ကချင်ပြည်နယ်ကဲ့သို့ အပစ်အခတ်မရပ်စဲသေးသည့် ဒေသများတွင် မြန်မာစစ်တပ်ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် NCA ဆွေးနွေးပွဲ ကာလတလျှောက်လုံး ဆက်ဖြစ်နေခဲ့သည်။ ၂၀၁၅ ခုနှစ် ဖွန်လတွင် မြန်မာစစ်တပ်က ကချင်ပြည်နယ်ရှိကျေးရွာများကို ဗုံးကြဲရာတွင် ဂျက်လေယာဉ်များ အသုံးပြုခဲ့သလို ၂၀၁၂ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၁၃ ခုနှစ် အစောပိုင်း၏ အဓိကထိုးစစ်များတွင်လည်း လေကြောင်းပစ်ခတ်မှု သုံးခဲ့ဖူးပြီး ထောင်နှင့်ချီသည့် ပြည်သူများ အိုးအိမ်စွန့်ခွာ ထွက်ပြေးစေခဲ့ပါသည်။ ယခုအခါ ကချင်တိုင်းရင်းသားတို့အပေါ် စစ်ပွဲဆင်နွှဲမှု၏ ရလာဒ်အဖြစ် IDP ပေါင်း ၁၂၀,၀၀၀ ကျော်ထိ ရှိနေသည်။ အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းရရှိချက်ထဲတွင် ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အဓမ္မလုပ်အားပေးစေခိုင်းမှု၊ ဥပဒေမဲ့သတ်ဖြတ်မှုတို့ ပါဝင်သည်။ ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (Kachin Independence Organization) နှင့် မြန်မာအစိုးရကြားရှိ ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားသည့် ၂၀၁၁ ခုနှစ် ဖွန်လနောက်ပိုင်းမှ ၂၀၁၅ ခုနှစ် ဇန္နဝါရီလအထိ မြန်မာစစ်တပ်က ကချင်အမျိုးသမီးများအပေါ် ကျူးလွန်ခဲ့သည့် မုဒိမ်းမှုပေါင်း ၇၀ ကျော်ကို WLB ကမှတ်တမ်းတင်ပြုစုထားသည်။[24] Fortify Rights အဖွဲ့ကလည်း ၂၀၁၁ ခုနှစ် ဖွန်လမှ ၂၀၁၄ ခုနှစ် ဧပြီလအတွင်း စစ်တပ်၊ ရဲနှင့် ထောက်လှမ်းရေး အဖွဲ့များအပါအဝင် မြန်မာလုံခြုံရေး တပ်ဖွဲ့များက ကချင် အရပ်သားများ အပေါ် ကျူးလွန်ခဲ့သည့် ညှဉ်းပန်းနှိပ်စက်မှု ပေါင်း ၆၀ ကျော်ကို မှတ်တမ်းတင်ထားကာ ယင်းအမှုများသည် "စစ်ရာဇဝတ်မှုနှင့် နိုင်ငံတကာဥပဒေအောက်မှ လူသားမျိုးနွယ် ဆန့်ကျင်သည့် ရာဇဝတ်မှုမြောက်နိုင်ကြောင်း" ဖော်ပြထားပါသည်။[25]

ရှမ်းပြည်မြောက်ပိုင်း ပလောင်ဒေသများတွင် TNLA အား ထိုးစစ်ဆင်မှုများသည်လည်း လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားမှုကို ဦးတည်စေခဲ့ကြောင်းနှင့် "တိုက်ပွဲ နေ့တိုင်းဖြစ်နေသည့်အတွက် ယင်းနယ်မြေများတွင် တအာင်း လူမျိုးများသည် စိတ်မချရဘဲ အမြဲပူပန်နေရသည်"[26] ဟု ပလောင်အမျိုးသမီးအဖွဲ့ (Palaung Women's Organization) က ရှင်းရှင်းလင်းလင်း ထောက်ပြထားပါသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လက MNDAA အပေါ် မြန်မာ စစ်တပ်၏ ကြီးမားသောထိုးစစ်အတွင်း ရှမ်းပြည် ကိုးကန့်ဒေသမှ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ၎င်းတို့ကြောင့် အရပ်သား တစ်သိန်းခန့် ထွက်ပြေးခဲ့ရကြောင်း သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ရရှိခဲ့သည်။ ၂၀၁၅ ခုနှစ် ဧပြီလတွင် တရုတ်နယ်စပ်အနီး ခိုလှုံနေသော အိုးအိမ်စွန့် ရွှေ့ပြောင်းဒုက္ခသည် ထောင်ပေါင်းများစွာကို အဓိက ကိုးကန့်မြို့ ဖြစ်သည့် လောက်ကိုင်မြို့ရှိ အစိုးရမှ စီစဉ် ဖွင့်လှစ်ထားသော IDP ခိုလှုံရာစခန်းများသို့ပြန်ရန် အာဏာပိုင်များက အမိန့်ထုတ်ခဲ့သည်။ ၎င်းတို့မပြန်လျှင် သတ်မည်ဟုလည်း ခြိမ်းခြောက်ခဲ့သည်။ ထို့ကြောင့် ဒုက္ခသည်များ ကြောက်လန့်ပြီး နယ်စပ်ကျော်ဖြတ်ကာ တရုတ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြသည့်အပြင် နောက်ပိုင်းတွင် မြန်မာစစ်တပ်က ကိုးကန့်နယ်မြေများကို အမြောက်နှင့်ပစ်သဖြင့် ထွက်ပြေးသူ ပိုမိုများပြားစေသည်။ ထို့အပြင်

[23] Kachin Women's Association – Thailand, interview with Burma Partnership, January 2016

[24] "Ongoing Sexual Violence Highlights Urgent Need for Burma Army to stop Offensives and Pull Back Troops from Kachin Areas," *Women's League of Burma,* January 22, 2015
http://www.burmapartnership.org/wp-content/uploads/2015/01/WLB-statement.pdf f (accessed September 15, 2015)

[25] "I thought they would Kill Me," *Fortify Rights,* June 9, 2014
http://www.fortifyrights.org/downloads/Fortify%20Rights_Myanmar_9_June_2014.pdf (accessed September 15, 2015)

[26] "Ta'ang people suffering due to conflict," *Palaung Women's Organization,* November 21, 2014
http://en.palaungwomen.com/index.php/news/89-ta-ang-people-suffering-due-to-conflict (accessed September 15, 2015)

ဥပဒေမဲ့သတ်ဖြတ်မှု သတင်းများသာမက ခေါင်းဖြတ်မှုသတင်းများကိုပင် အများအပြားကြားသိရ၍ ရွာသားများ မပြန်ရဲဘဲ ဖြစ်နေသည်။[27]

ဤချိုးဖောက်မှုများကျူးလွန်ရာ၌ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရှိနေပုံကို ကချင်ပြည်နယ်မှ ဂျာဆိုင်းအင် အမှုက ပြသနေသည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် မြန်မာစစ်သားများက ဂျာဆိုင်းအင် နေထိုင်ခဲ့သည့်ကျေးရွာထဲ ဝင်ရောက်လာပြီး အရမ်းကာရော ပစ်ခတ်ကြရာ ၁၄ နှစ်အရွယ် မိန်းကလေးသေဆုံးသွားသည်။ ဂျာဆိုင်းအင်၏ဖခင် ဦးဘရန်ရှောင်မှ သမ္မတထံသို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (Myanmar National Human Rights Commission - MNHRC) ထံသို့လည်းကောင်း၊ မြန်မာစစ်တပ်ထံသို့လည်းကောင်း စာရေးကာ မိမိ၏သမီး အသတ်ခံရမှုအတွက် တရားမျှတမှုရရှိနိုင်ရန် လွတ်လပ်သည့်စုံစမ်းစစ်ဆေးမှု ပြုလုပ်ပေးရန် တောင်းဆိုခဲ့သည်။ ဤသည်ကို တုန့်ပြန်သည့်အနေဖြင့် မြန်မာစစ်တပ်အရာရှိတစ်ဦးမှ 'မမှန်မကန် စွပ်စွဲမှု' ဖြင့် ဦးဘရန်ရှောင်အား တရားရုံး၌တရားစွဲခဲ့သည်။ ရုံးချိန်း ၄၅ ခါ ထွက်ပြီးနောက် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဦးဘရန်ရှောင်ကို ဒဏ်ငွေ ကျပ် ၅၀,၀၀၀ (အမေရိကန်ဒေါ်လာ ၄၅) သို့မဟုတ် ထောင်ဒဏ်ခြောက်လ ပြစ်ဒဏ်စီရင် ကျခံစေခဲ့သည်။[28] ဤသည်မှာ လက်နက်ကိုင်ပဋိပက္ခအတွင်း အရပ်သားများကို ကာကွယ်စောင့်ရှောက်မှု ကင်းမဲ့နေပုံကို ပြသနေရုံသာမက မြန်မာစစ်တပ်အတွက် သီးသန့်ထားရှိပေးသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ကိုလည်း ပြသနေသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလတွင်လည်း မြန်မာစစ်တပ်နှင့် DKBA တိုက်ပွဲဖြစ်ပွားမှုကို သတင်းယူနေသော အလွတ်သတင်းထောက် ကိုပါကြီးကို စစ်တပ်မှဖမ်းဆီးခဲ့ပြီး DKBA ၏ နိုင်ငံရေးအဖွဲ့ဝင်အဖြစ် စွပ်စွဲခဲ့သည်။ ၎င်းကို မြန်မာစစ်သားနှစ်ယောက်က ထိန်းသိမ်းထားစဉ် ညှဉ်းပန်းနှိပ်စက်ပြီး သတ်ပစ်ခဲ့သည်။ ယင်းစစ်သားနှစ်ဦးကိုမူ တံခါးပိတ် စစ်ခုံရုံးတစ်ခုက တရားသေ လွှတ်ပေးလိုက်သည်။ MNHRC က စုံစမ်းစစ်ဆေးမှုလုပ်ခဲ့သော်လည်း နှိပ်စက်ညှဉ်းပမ်းမှု အထောက်အထားကဲ့သို့ အမှုဖြစ်စဉ်၏ သော့ချက်ကျသော လူ့အခွင့်အရေးသွင်ပြင်များကို ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိခဲ့ဘဲ မှားယွင်းမှုများ၊ ရှေ့နောက်မညီမှုများ ပြည့်နေသည့် အစီရင်ခံစာတစ်စောင်ကိုသာ ထုတ်ပြန်ခြင်းဖြင့် MNHRC ၏ အချည်းနှီးဖြစ်မှုကို နောက်တစ်ကြိမ် လှစ်ဟပြခဲ့ပြန်သည်။[29]

အပစ်အခတ်ရပ်စဲရေးများကလည်း အရပ်သားများကို ကာကွယ်စောင့်ရှောက်မှု မပေးနိုင်ကြောင်း ရွေးကောက်ပွဲ မတိုင်ခင် ၂၀၁၅ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် SSPP အပေါ်ထိုးစစ်အတွင်း ရှမ်းပြည်နယ်ရှိ ကျေးရွာများအား မြန်မာစစ်တပ်၏ အမြောက်နှင့်အရမ်းကာရောပစ်ခတ်မှုက သက်သေပြနေသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက် ရွေးကောက်ပွဲနေ့တွင်လည်း မြန်မာစစ်တပ်မှ ရှမ်းပြည်နယ် မိုင်းနောင်ရှိ ရွာတစ်ရွာသို့ ဝင်ရောက်လာပြီး စပါးရိတ်ရာမှပြန်လာသော လယ်သမားများအား လက်လွတ်စပယ် ပစ်ခတ်ခဲ့၍ ၁၅ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးနှင့် ၅၅ နှစ်အရွယ် အမျိုးသမီးတစ်ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။[30]

---

[27] "Killing, beheading and disappearance of villages instil fear among Kokang refugees," *Shan Human Rights Foundation,* May 11, 2015, http://www.shanhumanrights.org/index.php/news-updates/212-killing-beheading-and-disappearance-of-villagers-instill-fear-of-return-among-kokang-refugees (accessed September 15, 2015)

[28] "Myanmar: Overturn Wrongful Conviction of Brang Shawng," *Fortify Rights,* February 18, 2015, http://www.burmapartnership.org/2015/02/myanmar-overturn-wrongful-conviction-of-brang-shawng/ (accessed September 15, 2015)

[29] "Burma: All Shook Up," *By Burma Partnership, Equality Myanmar and Smile Education and Development Foundation,* in "2015 ANNI Report on the Performance and Establishment of National Human Rights Institutions in Asia," by Asian NGO Network on National Human Rights Institutions, September 18, 2015, http://www.burmapartnership.org/2015/09/2015-anni-report-on-the-performance-and-establishment-of-national-human-rights-institutions-in-asia/ (accessed October 1, 2015)

[30] "Burma Army troops shoot at farmers in central Shan State on election day, seriously injuring a woman and a boy," *Shan Human Rights Foundation,* November 11, 2015. http://www.shanhumanrights.org/index.php/news-updates/234-burma-army-troops-shoot-at-farmers-in-central-shan-state-on-election-day-seriously-injuring-a-woman-and-boy (accessed January 29, 2016)

ဤဖြစ်ရပ်များသည် လက်နက်ကိုင်ပဋိပက္ခနယ်မြေများတွင် အရပ်သားများကိုကာကွယ်စောင့်ရှောက်မှု ချို့တဲ့နေခြင်းအား မီးမောင်းထိုးပြနေသကဲ့သို့ မြန်မာစစ်တပ် ရရှိခံစားနေသည့် အကြွင်းမဲ့ပြစ်ဒဏ်ကင်းလွတ်ခွင့်ကိုလည်း ပြသနေသည်။ ယင်းကဲ့သို့သော ဖြစ်ရပ်များသည် တစ်ခုတစ်လေသာဖြစ်နေခြင်းမဟုတ်ဘဲ ဒေသခံနှင့် နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့အစည်းများက ပုံမှန်သဘောမျိုး မှတ်တမ်းရရှိနေကြသည်။

### *၃.၁. လက်နက်ကိုင်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု*

သမ္မတဦးသိန်းစိန်အစိုးရ အာဏာရလာပြီးနောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကာလအပါအဝင် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် မုဒိမ်းမှုတို့ကို စစ်လက်နက်သဖွယ် မြန်မာစစ်တပ်မှ သုံးစွဲနေခြင်းကို လူ့အခွင့်အရေးအဖွဲ့အများအပြားက မှတ်တမ်းအထောက်အထားရယူထားသည်။ WLB က ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခနယ်မြေများတွင် တိုင်းရင်းသား လူနည်းစုအမျိုးသမီးများအပေါ် မြန်မာစစ်တပ် ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ၁၀၄ မှုကို မှတ်တမ်းပြုစုကာ ၂၀၁၄ ခုနှစ် ဇန္နဝါရီလတွင် ထုတ်ဝေသည့် အစီရင်ခံစာတစ်စောင်၌ ဖော်ပြခဲ့သည်။[31] ယင်းဂဏန်းမှာ အရေအတွက် စုစုပေါင်း၏ အစိတ်အပိုင်းလေးမျှသာဖြစ်သည်ဟု ယုံကြည်ရကြောင်းလည်း ၎င်းတို့ကဆိုပါသည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ တွင် ထုတ်ပြန်သော WLB ၏ နောက်ဆက်တွဲ အစီရင်ခံစာ၌ နောက်ထပ်အမှု ၁၄ ခုကို မှတ်တမ်းတင်ထားသည်။ အစီရင်ခံစာတွင် "ဤပြစ်မှုများ၏ အရေအတွက်နှင့် ပထဝီအနေအထားအရ တိုင်းရင်းသားပြည်နယ်များတွင် အရပ်ဘက်လူထုများကိုလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြင့် ခြောက်ခြားစေခြင်းသည် မြန်မာစစ်တပ်၏ အခိုင်အခန့်ချမှတ်ထားသည့် ကျင့်ထုံးဖြစ်နေသည်"[32] ဟု ဆိုထားပါသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အလေးထားဖော်ကျူးထားသဖြင့် မြန်မာစစ်တပ်ခံစားရရှိနေသော ပြစ်ဒဏ်ကင်းလွတ်ခွင့်အရ ကျူးလွန်သူများမှာ မည်သည့်အခါမျှ တာဝန်ခံရခြင်း အရေးယူခံရခြင်းမရှိပေ။ ထင်ရှားသည့် ဥပမာတစ်ခုမှာ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ (Kachin Baptist Convention) မှ တာဝန်ပေးချက်အရ ရှမ်းပြည်မြောက်ပိုင်းရှိ နှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ခုတွင် စေတနာ့ဝန်ထမ်းလုပ်ကိုင်နေသော ကချင်ကျောင်းဆရာမနှစ်ယောက် အမှုပင်ဖြစ်သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မနက်တွင် ၎င်းတို့အလောင်း တွေ့ခဲ့ရာ၌ မြန်မာစစ်သားများက KIA အပေါ် စစ်ဆင်ရေးဆင်နွှဲရင်း ရွာကိုရောက်သည့်ညတွင် စစ်သားများမှ ရက်စက်စွာ နှိပ်စက်ညှဉ်းပန်းကာ အုပ်စုလိုက် မုဒိမ်းကျင့်ပြီးသတ်ဖြတ်ခဲ့သည့် အထောက်အထားခိုင်ခိုင်မာမာဖြင့် တွေ့ရခြင်းဖြစ်သည်။[33] ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်း (Shan Human Rights Foundation) မှ ထိုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ မြန်မာစစ်တပ်မှ ကျူးလွန်ခဲ့သည့် အလားတူလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ရှစ်ခုအား မှတ်တမ်းပြုစုထားနိုင်ခဲ့ပါသည်။[34] ယခုအချိန်ထိမူ ယင်းမုဒိမ်းမှု လူသတ်မှုများအတွက် မည်သည့်စစ်သားမှ တရားရုံးသို့ ရောက်မလာသေးပေ။

---

[31] "Same Impunity, Same Patterns," *The Women's League of Burma,* January 2014. http://womenofburma.org/wp-content/uploads/2014/01/Press-Release-on-Same-Impunity-Same-Pattern-Report-Jan-14-2014Burmese.pdf (accessed February 8, 2016).

[32] "If they had hope, they would speak," *Women's League of Burma,* November 2014, http://womenofburma.org/wp-content/uploads/2014/11/VAW_Iftheyhadhope_TheywouldSpeak_Burmese.pdf (accessed September 15, 2015)

[33] "Justice Denied, Justice Delayed: Seeking Truth about Sexual Violence and War Crime Case in Burma," *Legal Aid Network and Kachin Women's Association – Thailand,* January 2016, http://www.burmapartnership.org/wp-content/uploads/2016/01/Justice-Delayed-Report-Burmese.pdf *(accessed January 29, 2016)*

[34] "Sexual violence by Burmese government troops continues despite ceasefires in Shan State," *Shan Human Rights Foundation,* 25 November, 2015, http://www.burmapartnership.org/wp-content/uploads/2015/11/Update-by-SHRF-Nov-25-sexual-violence_Burmese.pdf (accessed February 01, 2016).

*၃.၂. နိုင်ငံတကာ၏ တာဝန်ဝတ္တရားများ*

လက်နက်ကိုင်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအဆုံးသတ်ရေး ကြေညာစာတမ်း (Declaration of Commitment to End Sexual Violence in Conflict) ကို မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းကြေညာချက်မှာ ဗြိတိန်နိုင်ငံက ဦးဆောင်သည့် နိုင်ငံတကာ ရှေ့ဆောင်ရှေ့ရွက်ပြုမှုတစ်ခုဖြစ်ပြီး ပဋိပက္ခနယ်မြေများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအဆုံးသတ်ရန် အဆင့် ၁၂ ဆင့်ပါဝင်သည်။ လက်မှတ်ရေးထိုးပြီး တစ်နှစ်အကြာတွင် ဗြိတိန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့အစည်းဖြစ်သော ဘားမားကမ်ပိန်း ယူကေ (Burma Campaign UK) အဖွဲ့၏ တွေ့ရှိချက်အရ ယင်း ၁၂ ဆင့်နှင့်ပတ်သက်၍ မြန်မာအစိုးရသည် -

"ယင်းကတိပြုချက်များကို အကောင်အထည်ဖော်ရန် မည်သည့်လုပ်ဆောင်ချက်မျှ မရှိသည့်အပြင် အသက်ရှင်ကျန်ရစ်သူများအား ကူညီရေးနှင့်ပြုစုစောင့်ရှောက်ရေး၊ စုံစမ်းစစ်ဆေးရေး၊ ရဲနှင့်စစ်တပ်မူဝါဒတို့ကို နိုင်ငံတကာဥပဒေနှင့် ကိုက်ညီစေရေး၊ အရပ်ဘက်လူထုအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့များ၊ လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများအား အားပေးထောက်ကူရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ အပါအဝင် ပြည်တွင်းတွင်လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် ပတ်သက်သည့် ကတိပြုချက် ကိုးခုစလုံးကိုလည်း ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်နေသည်"[35] ဟု ဖော်ပြထားပါသည်။

မြန်မာစစ်တပ်မှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ဆက်လက်ကျင့်သုံးနေခြင်း၊ ကျူးလွန်သူများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် ဆက်လက်ရရှိစေနေခြင်းနှင့် လွန်ခဲ့သည့်ငါးနှစ်တာကာလ ပြုပြင်ပြောင်းလဲမှုများအတွင်း မြန်မာအစိုးရဘက်မှ လုပ်သင့်သည်များ လုပ်ဆောင်ရန် ပျက်ကွက်နေခြင်းတို့သည် လက်နက်ကိုင်ပဋိပက္ခအတွင်း မုဒိမ်းမှုကဲ့သို့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို "လူသားမျိုးနွယ်အားဆန့်ကျင်သည့်ရာဇဝတ်မှု" နှင့် "စစ်ရာဇဝတ်မှု" အဖြစ် သတ်မှတ်ထားသည့် နိုင်ငံတကာ ရာဇဝတ်တရားရုံး၏ ရောမစာချုပ် (Rome Statute of the International Criminal Court) ကို ကြီးကြီးမားမား ချိုးဖောက်ရာရောက်သည်။ ပီကင်းလှုပ်ရှားမှုလမ်းစဉ် (Beijing Platform for Action)၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် (Convention on the Elimination of all forms of Discrimination against Women - CEDAW) နှင့် UNSC ဆုံးဖြတ်ချက် ၁၃၂၅ တို့တွင်လည်း နိုင်ငံတကာစံနှုန်းများဖြင့် ထပ်မံအားဖြည့်ထားပါသည်။ မြန်မာနိုင်ငံသည် CEDAW ကို လက်မှတ်ထိုးထား၍ ယင်းတာဝန်ဝတ္တရားများကိုလည်းကောင်း၊ UNSC ဆုံးဖြတ်ချက် ၁၃၂၅ ကိုလည်းကောင်း ဖြည့်ဆည်းရန် ဝတ္တရားရှိသော်လည်း ယင်းကဲ့သို့သော အခြေခံမူဘောင်များအား လိုက်နာကျင့်သုံးနိုင်ရန် ယန္တရားစနစ်များ ချို့တဲ့နေခြင်းမှာ မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများအတွင်း အမျိုးသမီးများအား အကာအကွယ် ပေးနိုင်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုအား မြှင့်တင်ပေးနိုင်ရန်အတွက် အဓိကအခက်အခဲ ဖြစ်နေပါသည်။[36]

NCA ၌ပင် လက်နက်ကိုင်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အရပ်သားများအား ကာကွယ်စောင့်ရှောက်ရေးတို့နှင့် ပတ်သက်ပြီး နိုင်ငံတကာကတိကဝတ်များကို ရည်ညွှန်းသည့်စာသား သိသိသာသာ ချို့တဲ့နေသည်။ EAO များ ရေးဆွဲသည့် NCA ကနဦးမူကြမ်းတစ်ခုတွင် ဂျီနီဗာစာချုပ်များကို တိတိလင်းလင်း ဖော်ပြထားခဲ့သော်လည်း မြန်မာစစ်တပ်က နိုင်ငံရေးဆွေးနွေးပွဲ၌ အမျိုးသမီး ၃၀% ထည့်သွင်းရေးကို ချန်လှပ်ထားခဲ့ပါသည်။ အရပ်သားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ NCA တွင် အခန်းတစ်ခန်းအဖြစ် ပါသော်လည်း မြန်မာစစ်တပ်က ဤအခန်းတွင် ဂျီနီဗာ စာချုပ်များကို သီးသန့်

[35] "One Year on From Burma Signing Sexual Violence Declaration – No Steps Taken on Implementation," *Burma Campaign – UK,* June 5, 2015, Burma Briefing No. 39, http://www.burmapartnership.org/2015/06/one-year-on-from-burma-signing-sexual-violence-declaration-no-steps-taken-on-implementation/ (accessed January 29, 2016)

[36] "No Women, No Peace: Gender Equality, Conflict and Peace in Myanmar," *Transnational Institute,* January 2016, Myanmar Policy Briefing 18. http://www.burmapartnership.org/2016/01/no-women-no-peace-gender-equality-conflict-and-peace-in-myanmar/ (accessed January 29, 2016)

မဖော်ပြလိုခြင်းကြောင့် အရပ်သားများကို ကာကွယ်စောင့်ရှောက်ရန်နှင့် တာဝန်ခံမှုရှိစေရန်တို့နှင့် ပတ်သက်သည့် ၎င်းတို့၏ ခံယူချက်သည် သံသယရှိစရာပင်ဖြစ်ပါသည်။

ထို့အပြင် လက်နက်ကိုင်ပဋိပက္ခဒေသများတွင် မတရားဖောက်ဖျက်မှုများကို အဓိကကျူးလွန်သူမှာ အခိုင်အမာ ဖွဲ့စည်းထားသည့် နိုင်ငံတော်အစိုးရကိုယ်တိုင်ဖြစ်နေသဖြင့် NCA သဘောတူညီချက်များ ကြပ်မတ်ကျင့်သုံးရေးမှာ အလွန် ခက်ခဲနေပါသည်။ ယင်းအနေအထားများတွင် အထူးသဖြင့် မြန်မာငြိမ်းချမ်းရေးဗဟိုဌာနမှတဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပေးနေသည့် ကြီးမားလှသော ငွေကြေးအထောက်အပံ့ပမာဏကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် တစုံတရာ တာဝန်ယူရမည်ဖြစ်ပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာအစိုးရအား နိုင်ငံတကာကတိကဝတ်များလိုက်နာစေရန် ဖိအားပေးပြီး နောက်ထပ်ငွေကြေးထောက်ပံ့မှုသည် ယင်းကတိကဝတ်များ လိုက်နာမှုအပေါ် မူတည်စေရပါမည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံရသူများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် တာဝန်ခံရေး သေချာစေရန်လည်းကောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်တိုင်းတွင် အမျိုးသမီးများ အဓိပ္ပာယ်ရှိရှိ ပါဝင်ဆောင်ရွက်ရေး သေချာစေရန် လည်းကောင်း လုပ်ဆောင်ရမည် ဖြစ်သည်။

### *၃.၃. စစ်တပ်ကြီးစိုးမှု*

အပစ်အခတ်ရပ်စဲထားသည့်ဒေသများတွင် မြန်မာစစ်တပ်၏ နယ်မြေချဲ့ထွင်မှုမှာ ၂၀၁၂ ခုနှစ် အစောပိုင်း နှစ်ဘက်အပစ်ရပ်စာချုပ်များ လက်မှတ်ထိုးပြီးကတည်းက ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ ယခုအခါ ထိုဒေသများရှိ မြန်မာစစ်တပ်စခန်းများမှာ ဝါးဖြင့် ယာယီဆောက်ထားခြင်း မဟုတ်တော့ဘဲ ကွန်ကရစ်ဖြင့် အခိုင်အမာဆောက်လုပ်ထားခြင်း ဖြစ်နေသည်။ ထောက်ပံ့ရေးပစ္စည်းများ၊ တပ်အင်အားဖြည့်တင်းမှုများနှင့် ခဲယမ်းမီးကျောက်များကိုလည်း ထပ်မံသိုလှောင်ထားပြီး လမ်းပမ်းဆက်သွယ်မှုများ ပွင့်လင်းလာသဖြင့် တပ်ရွှေ့ပြောင်းမှုများမှာလည်း ပိုမိုလွယ်ကူလာသည်။ ထို့အပြင် အပစ်အခတ်ရပ်စဲရေးများက မြေသိမ်းမှု ကပ်ဘေးပျံ့နှံ့စေခဲ့ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များက မကြာခဏဆိုသလို မြန်မာစစ်တပ်၊ ဒေသခံအာဏာပိုင်များ သို့မဟုတ် အပစ်ရပ်ထားသည့် EAO များနှင့် တွဲဖက်ပြီး မိမိတို့ကိုယ်ကျိုးအတွက် သော်လည်းကောင်း၊ စစ်တပ်အနေဖြင့်မူ စစ်ရေးရည်ရွယ်ချက်များနှင့် စီးပွားရေးအတွက်သော်လည်းကောင်း ဒေသခံရွာသားများထံမှ မြေယာများကိုသိမ်းယူနေကြသည်။[37] ဒေသခံရပ်ရွာလူထုများနှင့် လက်တွဲလုပ်ကိုင်နေသည့် အဖွဲ့အစည်းတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးက "*စစ်တပ်ရဲ့ သဘောထားက ငြိမ်းချမ်းရေး စကားပြောနေတဲ့အချိန်မှာ နယ်မြေထိန်းချုပ်မှု တိုးနိုင်သမျှတိုးအောင် ချဲ့ထွင်ထားဖို့ပဲ*"[38]ဟု ဆိုထားပါသည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအခြေခံဘောင်မှာလည်း ကျေးလက်လူထုအသိုင်းအဝိုင်းများကို ယင်းမြေသိမ်းမှုလှိုင်းလုံးမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် အသေအချာပင် လုံလောက်မှုမရှိကြောင်း တွေ့ရပါသည်။

### *၃.၄. လူသားချင်းစာနာမှုအကူအညီ*

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ IDP များထံသို့ လူသားချင်းစာနာမှုအကူအညီ ပေးပို့မှုနှင့်ပတ်သက်ပြီး မြန်မာအစိုးရမှ ကန့်သတ်ချုပ်ချယ်ထားမှုမှာ UNSC ဆုံးဖြတ်ချက် ၁၆၇၄ ကို အပြင်းအထန်ချိုး ဖောက်မှုပင်ဖြစ်သည်။

---

[37] "Truce or Transition? Rend in human rights abuse and local response in Southeast Myanmar since the 2012 ceasefire," *Karen Human Rights Group,* May 2014. ***http://www.khrg.org/sites/default/files/KHRG%20-%20Truce%20or%20Transition%20-%20Full%20Report%20-%20Burmese.pdf***

[38] Community-based organization, interview with Burma Partnership, January 2016.

ဆုံးဖြတ်ချက် ၁၆၇၄ ၏ အပိုဒ် ၂၂ တွင် "လက်နက်ကိုင်ပဋိပက္ခ အခြေအနေများတွင် အထောက်အကူလိုအပ်နေသည့် အရပ်သားများထံသို့ လူသားချင်းစာနာမှု အကူအညီပေးသည့် ဝန်ထမ်းများ လုံးဝ အဟန့်အတားမရှိ သွားရောက်ခွင့်ပေးရန်" အရေးကြီးမှုကို ဖော်ပြထားသည်။ သို့သော်လည်း ၂၀၁၅ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့သည့် အရပ်ဘက်လူထုအဖွဲ့အစည်း ၅၆ ဖွဲ့၏ ကြေညာချက်တွင် "KIA ထိန်းချုပ်နယ်မြေ များရှိ IDP များထံ သွားလာရေးသည် မြန်မာအစိုးရမှပေးသည့် ခရီးသွားခွင့်ပေါ် အဓိကမူတည် နေပြီး အစိုးရသည် နိုင်ငံတကာ လူသားချင်းစာနာရေးအဖွဲ့များ၏ လှုပ်ရှားမှုကို ဆက်လက်ချုပ်ချယ်နေသည်"[39] ဟု ဖော်ပြထားပါသည်။

## နိဂုံး

လက်ရှိအနေအထားအား ကြည့်မည်ဆိုလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ မြန်မာအစိုးရနှင့် မြန်မာစစ်တပ်၏ နိုင်ငံရေး စိတ်ဆန္ဒနှင့် စိတ်စေတနာကောင်း ကင်းမဲ့မှုကြောင့် ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ၏ အခြေခံရင်းမြစ် ပြဿနာများအား ကိုင်တွယ်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ် နှစ်ဆန်း မှစ၍ ၂၀၁၆ ခုနှစ် ဇန္နဝါရီလ UPC ကျင်းပချိန်အထိ လက်နက်ကိုင်ပဋိပက္ခသည် ယခင်နှစ်ပေါင်းများစွာထက်ပို၍ သေကြေထိခိုက်မှုများနှင့် အိုးအိမ်စွန့် ရွှေ့ပြောင်း ရမှုများ ဖြစ်စေကြောင်း တွေ့ရပါသည်။ ကချင်နိုင်ငံရေးအဖွဲ့အစည်းတစ်ခု၏ ကိုယ်စားလှယ်တစ်ယောက်မှ *"ဒီငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကနေ ကျနော်တို့ တိုင်းရင်းသား လူမျိုးတွေအတွက် ဘာရလာဒ်ကောင်းတစ်ခုမှ ထွက်လာတာ မတွေ့ရဘူး"*[40] ဟု ဆိုပါသည်။ ထို့အပြင် အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို EAO များနှင့် အရပ်ဘက်လူထုအသိုင်းအဝိုင်းများ ကပါ သိသာထင်ရှားစွာ ငြင်းပယ်ထားပါသည်။

NCA လက်မှတ်ထိုးရေးကို မြန်မာအစိုးရမှ အလေးထားအာရုံစိုက်မှု ကြီးမားနေသော်လည်း အရပ်သားများ၊ အထူးသဖြင့် အမျိုးသမီးများနှင့်ကလေးများအား ကာကွယ်စောင့်ရှောက်ရေးမှာမူ ရှိသင့်သလောက် အလေးထားမခံရပေ။ လက်နက်ကိုင် ပဋိပက္ခ၏ အဆိုးဆုံးဆိုးကျိုးများကို ဆယ်စုနှစ်များစွာရင်ဆိုင်ခဲ့ရသည်မှာ ဒေသခံတိုင်းရင်းသား ရပ်ရွာလူထုများပင်ဖြစ်သည်။ လွန်ခဲ့သည့်ငါးနှစ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းသည် အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းရမှု၊ အသက်မွေးဝမ်းကျောင်းများဆုံးရှုံးရမှု၊ အသက်အန္တရာယ်မှလုံခြုံမှုနှင့် တာဝန်ခံမှုကင်းမဲ့ခြင်းတို့အတွက် သင့်တော်သည့် ကိုင်တွယ်ဖြေရှင်းမှု မလုပ်ခဲ့ပေ။ သို့ဖြစ်ရာ ဤငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲတွင် မြန်မာအစိုးရ၏ အသံသည်သာ နားထောင်ရန်လိုနေသည် မဟုတ်ဘဲ နိုင်ငံတကာ အသိုင်းအဝိုင်းများ အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ငွေကြေးကူညီနေသည့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ယင်းပဋိပက္ခသက်ရောက်ရာ ရပ်ရွာလူထုများ၏ စိုးရိမ်မှုများ၊ ထွက်ဆိုချက်များ၊ အမြင်များနှင့် လိုအပ်ချက်များကို အလေးပေး နားထောင်ရန် အခရာကျနေသည်။ အထူးသဖြင့် အမျိုးသမီးတို့၏အသံများမှာ ပကတိလက်တွေ့အခြေအနေကို ထင်ဟပ်စေသည့် အရေးအကြီးဆုံး အသံများဖြစ်သည်။ ယင်းအသံများသည် အပစ်ရပ်မှုစောင့်ကြည့် အကဲခတ်ရေးအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်း ထဲတွင် ပိုမိုအရေးပါသည့်အခန်းကဏ္ဍ ရှိရမည်ဖြစ်သည်။ ထို့ပြင် မြန်မာအစိုးရက တိုင်းရင်းသား အရပ်ဘက် လူထုအဖွဲ့အစည်း များနှင့် အမျိုးသမီးများကို ဆက်လက်ချောင်ထိုးနေချိန်တွင် နိုင်ငံတကာအသိုင်းအဝိုင်းက ၎င်းတို့ ပါဝင်ဆောင်ရွက်နိုင်ခွင့်အား အာမခံနိုင်ရန် အားထုတ်ရမည်ဖြစ်သည်။

---

[39] *"56 Solidarity Groups Worldwide Call for an Immediate End to Offensives in Northern Burma/Myanmar and for the Provision of Unhindered Humanitarian Assistance to the IDPs," 56 Solidarity Groups Worldwide, June 8, 2015,* http://www.burmapartnership.org/2015/06/56-solidarity-groups-worldwide-call-for-an-immediate-end-to-offensives-in-northern-burmamyanmar-and-for-the-provision-of-unhindered-humanitarian-assistance-to-the-idps/ (accessed September 15, 2015).

[40] Kachin political organization, interview with Burma Partnership, January 2016

ထိုမှုသာမက အရပ်သားများကို EAO များနှင့် ဆက်သွယ်သည်ဆိုသော စွပ်စွဲချက်များဖြင့် ပုံမှန်ဆက်လက်ပစ်မှတ်ထားမှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အတင်းအကျပ် အိုးအိမ်စွန့်ခွာပြောင်းရွှေ့ခိုင်းမှု အပါအဝင် အရပ်သားများအပေါ် ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ IDP များအတွက် လူသားချင်းစာနာမှု အကူအညီ ပိတ်ပင်မှုတို့ကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာလူသားချင်းစာနာရေးဥပဒေ၊ ဂျီနီဗာသဘောတူညီချက် အပါအဝင်နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေတို့နှင့်တကွ UNSC ဆုံးဖြတ်ချက် ၁၃၂၅ နှင့် ၁၆၄၇ တို့အောက်မှ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန် အထူးလိုအပ်နေသည်။ ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ယင်းကဲ့သို့ နိုင်ငံတကာဥပဒေချိုးဖောက်မှု ကျူးလွန်သူများ အပေါ် အရေးယူကိုင်တွယ်ရန် တာဝန်ရှိနေသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက UNSC သို့ တင်သွင်းသည့် ၂၀၁၅ ခုနှစ်အတွက် အစီရင်ခံစာတွင် "မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရပိုင်းမှ ကျူးလွန်သည့် ပဋိပက္ခနှင့် ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အတိုင်းအတာကြီးကြီးမားမား ရှိနေသည်"[41] ဟု ဆိုထားသည်။ နိုင်ငံတကာအသိုင်းအဝိုင်း၊ အထူးသဖြင့် ကုလသမဂ္ဂအနေဖြင့် မြန်မာစစ်တပ် ဆက်လက်ကျူးလွန်နေသည့် ရာဇဝတ်မှုများကို လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှု လုပ်ဆောင်ရေးအတွက် အားပေးထောက်ခံရန်နှင့် ဆောင်ရွက်ရန် တာဝန်ရှိနေသည်။

သမ္မတဦးသိန်းစိန် အာဏာရလာချိန်မှစ၍ နိုင်ငံတကာအသိုင်းအဝိုင်းသို့လည်းကောင်း၊ မြန်မာပြည်သူများသို့လည်းကောင်း ကတိများပေးထားပြီး မြန်မာနိုင်ငံကြုံတွေ့ခဲ့သည့် အကောင်းနှင့်အဆိုး ပြောင်းလဲမှုများ ရှိခဲ့သော်လည်း မြန်မာစစ်တပ်မှာမူ ပြုပြင်ပြောင်းလဲမှုမရှိ၊ နောင်တမရ၊ တာဝန်မခံဘဲ မတရားစော်ကား အနိုင်ကျင့်နေဆဲဖြစ်သည်။ တိုင်းရင်းသား ရပ်ရွာလူထုများသည် တရားမျှတမှုနှင့် နစ်နာမှုများအတွက် ပြန်လည်ပေးလျော်မှု ရစရာနည်းလမ်း လုံးလုံးမရှိဘဲ စစ်တပ်ကြီးစိုးမှုအောက် ဆက်လက်ဒုက္ခခံနေရဆဲဖြစ်သည်။ MNHRC မှာ မြန်မာစစ်တပ်ကျူးလွန်သည့် ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် မစွမ်းသာ သို့မဟုတ် စိတ်မပါကြောင်း ပြနေပြီး တရားစီရင်ရေးစနစ်မှာလည်း လွတ်လပ်မှုမရှိ၊ ပွင့်လင်းမြင်သာမှုချို့တဲ့ကာ နိုင်ငံရေးအရ ရိုကျိုးခယနေရသည်။ မြန်မာစစ်တပ်အား ပြုပြင်ပြောင်းလဲကာ ၎င်း၏ နိုင်ငံရေးအာဏာကို ကန့်သတ်လျှော့ချပြီး အရပ်ဘက်ချုပ်ကိုင်မှုအောက်တွင် ထားရှိရမည်၊ ယုတ်ညံ့လှသည့် လူ့အခွင့်အရေး ချိုးဖောက်မှုကျူးလွန်သူများကို တာဝန်ခံခိုင်းရမည်၊ ထို့နောက် ရေရှည်တွင် အများပါဝင်သည့် စစ်မှန်သော အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းကိုစတင်ကာ ဆယ်စုနှစ်ပေါင်းများစွာ ကြာနေပြီဖြစ်သည့် ပဋိပက္ခ၏ မရေမတွက်နိုင်သော နစ်နာသူများအတွက် တရားမျှတမှုကိုလည်း ဖော်ဆောင်ပေးရမည်ဖြစ်သည်။ NLD မှာ တရားစီရင်ရေး သို့မဟုတ် ဗျူရိုကရက်တစ် ယန္တရားကို ချုပ်ကိုင်နိုင်သည့် နိုင်ငံရေးအာဏာကင်းမဲ့နေဆဲ နိုင်ငံရေးပါတီအဖြစ် အကန့်အသတ်ရှိနေသောကြောင့် ဤသည်မှာ နောက်တက်လာမည့် NLD အစိုးရရင်ဆိုင်ရမည့် အကြီးဆုံးစိန်ခေါ်မှုဖြစ်ပြီး ယင်းကိစ္စအပေါ် မြန်မာစစ်တပ်က ပူးပေါင်း ဆောင်ရွက်မည် မဆောင်ရွက်မည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။ အောက်ခြေ ရပ်ရွာလူထုများနှင့် နီးကပ်စွာ အလုပ်လုပ်နေသော CSO ကိုယ်စားလှယ်တစ်ယောက်က *"NLD မှာ ဩဇာတော့ ရှိတယ်၊ ဒါပေမယ့် ပြဿနာက သူတို့မှာ အာဏာရှိပါ့မလား"*[42] ဟု ဖော်ပြခဲ့ပါသည်။

---

[41] "UN Secretary-General Ban Ki-moon 2015 Report to Security Council Calls for Legal Action Against Conflict Related Rapists," Karen News, May 1, 2015. http://karennews.org/2015/05/un-secretary-general-ban-ki-moon-2015-report-to-security-council-calls-for-legal-action-against-conflict-related-rapists.html/ (accessed September 23, 2015)

[42] Community-based organization, interview with Burma Partnership, January 2016

## အကြံပြုတိုက်တွန်းချက်များ

**နိုင်ငံတကာအသိုင်းအဝိုင်းသို့-**

- တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လက်နက်ကိုင်ပဋိပက္ခ ရပ်တန့်ရေး မြန်မာအစိုးရအား တောင်းဆိုရန်၊
- UNSC ဆုံးဖြတ်ချက်များအားလုံးကို ချိုးဖောက်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာစစ်တပ်ကို ဆုံးဖြတ်ချက် ၁၆၇၄ နှင့် ၁၃၂၅ တို့အား ဦးစားပေးလိုက်နာစေရန် ဖိအားပေးနိုင်ရေး လိုအပ်သောအဆင့်များနှင့် အစီအမံများ ဆောင်ရွက်ရန်၊
- တစ်နိုင်ငံလုံးအတိုင်းအတာ လုပ်ငန်းစီမံချက်ရေးဆွဲရေးအပါအဝင် သီးသန့်ယန္တရားများ သို့မဟုတ် အစီအမံများမှတဆင့် ဆွေးနွေးပွဲအားလုံးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ တန်းတူရည်တူ အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ရေး အာမခံရန်အတွက် မြန်မာအစိုးရအား ဆော်ဩတောင်းဆိုရန်၊ အထူးသဖြင့် ဆုံးဖြတ်ချက် ၁၃၂၅ ကို အကောင်အထည်ဖော် လိုက်နာနိုင်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခ သက်ရောက်နယ်မြေများမှ အမျိုးသမီး အဖွဲ့အစည်းများနှင့် တိုင်ပင်ညှိနှိုင်း၍ လုပ်ဆောင်ရန်၊
- အမျိုးသမီးများအား စေ့စပ်ဆွေးနွေးသူများအဖြစ် ခန့်အပ်ခြင်းနှင့် အပစ်ရပ်သဘောတူညီချက်များ အကောင်အထည်ဖော်မှု စောင့်ကြည့်ရေးထဲ ထည့်သွင်းခြင်းဖြင့် အမျိုးသမီးများ အဓိပ္ပါယ်ရှိရှိ ပါဝင်ဆောင်ရွက်နိုင်ရေး အပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရပ်ဘက်လူထုအဖွဲ့အစည်းများ ပါဝင်မှုအား အာမခံနိုင်ရန် မြန်မာအစိုးရအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လုပ်ဆောင်နေသည့် လက်နက်ကိုင် အဖွဲ့အစည်း အားလုံးကို ဆော်ဩပေးရန်၊
- လူ့အခွင့်အရေးချိုးဖောက်မှုများ အဆုံးသတ်ရေးတောင်းဆိုရန်နှင့် ကျူးလွန်ခံရသူများအတွက် ထိရောက်သည့် တာဝန်ခံခိုင်းရေးယန္တရားများ ဖော်ထုတ်ရန်၊
- တိုက်ပွဲဖြစ်ပွားရာဒေသများနှင့် အပစ်အခတ်ရပ်စဲထားသောဒေသ နှစ်မျိုးစလုံးတွင် မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပေါ် နိုင်ငံတကာစုံစမ်းစစ်ဆေးမှု ချမှတ်လုပ်ဆောင်ရေးကို အားပေးထောက်ခံရန်၊
- အပစ်အခတ်ရပ်စဲရေးစာချုပ်အားလုံးထဲတွင် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာရေးဥပဒေ ထည့်သွင်းရေး မြန်မာအစိုးရအား ဖိအားပေးရန်၊
- မြန်မာနိုင်ငံမှဒုက္ခသည်များ ဘေးကင်း၍ သိက္ခာရှိစွာ နေရပ်ပြန်ရေး အာမခံနိုင်သည်အထိ ထိုင်း-မြန်မာနယ် စပ်တလျှောက်ရှိဒုက္ခသည်များအား ဆက်လက်ကူညီထောက်ပံ့ပေးရန်၊
- IDP စခန်းများသို့ လူသားချင်းစာနာရေးအထောက်အကူဝင်ရောက်ခွင့်ပေးဖို့ မြန်မာအစိုးရကို တောင်းဆိုရန်၊
- သက်ဆိုင်သူအားလုံး၊ အထူးသဖြင့် တိုက်ပွဲဖြစ်ပွားရာဒေသများနှင့် နယ်စပ်ဒေသများတွင် အခြေစိုက်သည့် တိုင်းရင်းသားအရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် စစ်မှန်သည့် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ရန်၊
- ငြိမ်းချမ်းရေးလုပ်ငန်းအတွက် ငွေကြေးထောက်ပံ့ခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မှု မပြုလုပ်မီ မဟာဗျူဟာအားလုံးကို လူသိရှင်ကြားထုတ်ပြန်ရန်၊
- မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် အားထုတ်မှုများကို ထောက်ခံ အားပေးရန် နှင့်
- မြန်မာအစိုးရတစ်ဖွဲ့တည်းသို့မဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသို့ပါ တူညီသော နိုင်ငံရေးနှင့် ဘဏ္ဍာရေးအထောက်အပံ့များ ပေးအပ်ရန်။

**နောက်တက်လာမည့် NLD အစိုးရသို့ -**

- နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ လုပ်ငန်းစဉ်အား လက်ရှိပုံစံမှ အားလုံးပါဝင်နိုင်အောင် ပြင်ဆင်ပြောင်းလဲ ဆောင်ရွက်ရန်၊

- အနာဂတ် နိုင်ငံရေးဆွေးနွေးပွဲပုံသဏ္ဍာန်အားလုံးနှင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲအားလုံး၌ အမျိုးသမီး ကိုယ်စားလှယ် အနည်းဆုံး ၃၀% ပါဝင်စေရေး လုပ်ဆောင်ပေးရန်၊
- ကိုယ်စားလှယ်အဖြစ် အမည်ခံပါဝင်ရုံသက်သက်မဟုတ်ဘဲ ဆုံးဖြတ်ချက်ချသည့်အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ရေး အာမခံနိုင်မည့် ယန္တရားများလည်း ဖော်ဆောင်ထည့်သွင်းပေးရန်၊
- အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ အကောင်အထည်ဖော်ရေး၊ စောင့်ကြည့်ရေးအပါအဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အရပ်ဘက်လူထုအဖွဲ့အစည်းများ အဓိပ္ပါယ်ရှိရှိ အပြည့်အဝ ပါဝင်ဆောင်ရွက်ရေးနှင့် ၎င်းတို့ အခန်းကဏ္ဍကို အာမခံရန် နှင့်
- နိုင်ငံတော်ဘဏ္ဍာမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပြည့်စုံလုံလောက်သည့် ရေရှည်အသုံးစားရိတ် သတ်မှတ်ပေးရန်။

**မြန်မာစစ်တပ်သို့ -**

- ကချင်၊ ရှမ်း၊ ရခိုင်နှင့် ကရင်ပြည်နယ်တို့တွင် ထိုးစစ်အားလုံး ချက်ခြင်းရပ်တန့်ရန်၊
- နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာရေးဥပဒေကိုလည်းကောင်း၊ လက်မှတ်ရေးထိုးထားသည့် ဂျီနီဗာ သဘောတူညီချက်အပါအဝင် သက်ဆိုင်သည့် UNSC ဆုံးဖြတ်ချက်များအားလုံး အထူးသဖြင့် ဆုံးဖြတ်ချက် ၁၃၂၅ နှင့် ၁၆၇၄ တို့အား လိုက်နာရေး တာဝန်ယူ လုပ်ဆောင်ခြင်းအားဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုအားလုံး အဆုံးသတ်ကာ ကျူးလွန်သူများအား အရေးယူဆောင်ရွက်ရန်။ ဤအထဲတွင် ဆုံးဖြတ်ချက် ၁၃၂၅ နှင့်ပတ်သက်သည့် နိုင်ငံလုံးဆိုင်ရာ လုပ်ငန်းစီမံချက်တစ်ရပ် ရေးဆွဲဖော်ထုတ်ရန်၊
- တိုင်းရင်းသားဒေသများတွင် တပ်အင်အားဖြည့်တင်းခြင်းနှင့် ထောက်ပံ့မှုများတိုးမြှင့်ခြင်း၊ စစ်ဘက်အခြေခံ အဆောက်အဦးသစ်များ တပ်စခန်းသစ်များ တည်ဆောက်ထူထောင်ခြင်းတို့ကို ရပ်စဲရန်
- ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုအား ယခုလက်ရှိပုံစံမှ အားလုံးပါဝင်နိုင်သည့် ပုံစံအဖြစ် ပြုပြင်ပြောင်းလဲရန်
- အနာဂတ် နိုင်ငံရေးဆွေးနွေးပွဲပုံသဏ္ဍာန်အားလုံးနှင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲအားလုံးအပြင် ဖွံ့ဖြိုးရေး လုပ်ငန်းများ၌ အမျိုးသမီး ကိုယ်စားလှယ် အနည်းဆုံး ၃၀% ပါဝင်စေနိုင်မည့် ယန္တရား ဖော်ဆောင်ရေးအား ထောက်ခံ အားပေးရန်၊
- အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ အကောင်အထည်ဖော်ရေး၊ စောင့်ကြည့်ရေးအပါအဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အရပ်ဘက်လူထုအဖွဲ့အစည်းများ အဓိပ္ပါယ်ရှိရှိ အပြည့်အဝ ပါဝင်ဆောင်ရွက်ရေးနှင့် ၎င်းတို့ အခန်းကဏ္ဍကို အာမခံရန်၊
- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား နိုင်ငံတကာဒီမိုကရေစီ စံချိန်စံနှုန်းများနှင့် ကိုက်ညီအောင် ပြင်ဆင်ရေးနှင့် ဖက်ဒရယ် အုပ်ချုပ်ရေးစနစ်လက်ခံရေးအတွက် လူသိရှင်ကြား ကတိပြုရန်နှင့်
- ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုရှိရှိ သတင်းအချက်အလက်များ ထုတ်ပြန်ပေးရန်။

**တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသို့-**

- တစ်ဖွဲ့ချင်းကြားကွဲလွဲမှုများကို ဘေးဖယ်ကာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန် အတွက် အတူတကွ လက်တွဲလုပ်ဆောင်ရန်၊
- အစိုးရနှင့် သဘောတူညီချက်အားလုံးထဲတွင် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာရေး ဥပဒေ ထည့်သွင်းရေးအတွက် တွန်းအားပေးရန်၊
- ရပ်ရွာလူထုများ အသက်မွေးဝမ်းကျောင်းမှုနှင့် ဘေးကင်းရေးတို့ကို မြန်မာအစိုးရ၊ စစ်တပ်တို့နှင့် ဆွေးနွေးပွဲအားလုံးတွင် အခြေခံလိုအပ်ချက်အဖြစ် ဦးစားပေးရန်၊

- ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့်ပတ်သက်သော သတင်းအချက်အလက်များအား ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် လူသိရှင်ကြားထုတ်ပြန်ပေးရန်
- ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုအား ယခုလက်ရှိပုံစံမှ အားလုံးပါဝင်နိုင်သည့် ပုံစံအဖြစ် ပြုပြင်ပြောင်းလဲရန်
- အနာဂတ် နိုင်ငံရေးဆွေးနွေးပွဲပုံသဏ္ဍာန်အားလုံးနှင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲအားလုံးအပြင် ဖွံ့ဖြိုးရေး လုပ်ငန်းများ၌ အမျိုးသမီး ကိုယ်စားလှယ် အနည်းဆုံး ၃၀% ပါဝင်စေနိုင်မည့် ယန္တရား ဖော်ဆောင်ရေးအား ထောက်ခံအားပေးရန်၊
- အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ အကောင်အထည်ဖော်ရေး၊ စောင့်ကြည့်ရေးအပါအဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အရပ်ဘက်လူထုအဖွဲ့အစည်းများ အဓိပ္ပါယ်ရှိရှိ အပြည့်အဝ ပါဝင်ဆောင်ရွက်ရေးနှင့် ၎င်းတို့ အခန်းကဏ္ဍကို အာမခံရန်၊

***အသေးစိတ်ထပ်မံသိရှိလိုပါက ဆက်သွယ်ရန် -***
ဒေါ်ခင်ဥမ္မာ၊ တာဝန်ခံ၊ မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့
khinohmar@burmapartnership.org / info@burmapartnership.org